
Swae Nyoe
စွဲညို့
စာစဉ် - ၁၃
မြေခွေးလေးရဲ့
ချစ်ခြင်းဒဏ္ဍာရီ
စွဲညို့

အခန်း-၁၇၆

အနောက်ပင်လယ် ရေဘုရင်က အတန်ငယ် စိတ်လှုပ်ရှားသွားဟန်ဖြစ်သွားသော်လည်း

တစ်ခဏမျှသာ ဖြစ်ကာ ပြန်လည် တည်ငြိမ်သွား၏။ ထိုအရာကို ဟူအာက အတိအကျ တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် ဤနောက်ပင်လယ်တွင် ညောင်အာ ရှိနေလိမ့်မည် ဟူသည့် ယုံကြည်ချက်က ပို၍ ခိုင်မာသွားလေတော့၏။

"အရှင့်သား အထင်လွဲနေပါပြီ.. ဒီမှာ ညောင်အာဆိုတဲ့သူ တစ်ယောက်မှ မရှိပါဘူး.."

"မင်း ပြန်သင့်ပြီ"

ကျန်းမင်ရှီနတ်မင်း၏ လက်ချောင်းများက စက်ဝိုင်းသဏ္ဍာန်လက်သင်္ကေတ လှည့်ပတ်သွားပြီးနောက် နဂါးပတ်နွယ်ကြိုးက မြေပြင်ကို ကုပ်တွယ်ထားတာ ဟူအာကို ပို၍ တင်းကျပ်စွာ ချည်နှောင်လိုက်တော့၏။

"ဒီကလေးက အစွဲအလမ်းကြီးပြီးတော့ တွယ်ကပ်တတ်တာ အနောက်ပင်လယ်ရေဘုရင်ကပဲ ခွင့်လွှတ်ပေးပါအုံး.. သူ ပြောတာတွေကို စိတ်ထဲ မထားပါနဲ့.."

"ဆရာ ကျွန်တော် မသွားဘူး"

ကျန်းမင်ရှီနတ်မင်းသည် အထူအပါး နားမလည်သော ထိုကလေးကို
ဤနေရာ၌ မထလာနိုင်တော့အောင်
ရိုက်ပစ်ချင်စိတ် ဖြစ်ပေါ်လာလေတော့၏။
နတ်မင်းအများအတွက် မျိုးဆက်တစ်ဆက်စာ ကြီးရင့်သူ ဟူသည့်
အသုံးသည် လွန်စွာလေးနက်၏။ ဆိုရလျှင် ထိုပန်းသည် ဒုတိယ မျိုးဆက်
ပန်းဖြစ်နေခဲ့လျှင် ထိုပန်း၏သခင်သည်လည်း ဒုတိယမျိုးဆက်ဖြစ်နေနိုင်၏။
ထိုသည်က အရေးမကြီးသေးသော်လည်း ထိုပန်းကို
ပျိုးနိုင်သူဖြစ်နေခြင်းက ပို၍ အရေးကြီးနိုင်သည်။ သို့သော်
ဟူအာသည် ထိုပန်းကို မသိသူ ဖြစ်သဖြင့် ထိုပန်းပျိုးနိုင်သူကို မသိသည်က
မထူးဆန်းပေ။
ကျန်းမင်ရှီကို စိတ်မရှည်လက်မရှည် ဖြစ်လာစေခြင်းက ထိုခေါင်းမာသော
ကလေးက ထိုနေရာမှ မခွာနိုင်ဟု ဆိုလာခြင်း ဖြစ်၏။ အကယ်၍သာ
ဤနေရာမှ အင်အားကြီး နတ်မိစ္ဆာတစ်စုံတစ်ယောက်သာ
ထွက်လာပါက ကျန်းမင်ရှီသည် တိုက်ခိုက်ရေးကို
အထူးတလည် လေ့ကျင့်သင်ကြားထားသည့် နတ်မင်းတစ်ပါး
မဟုတ်ပေ။
ထို့ကြောင့် ဆိုနိုင်သည်မှာ ထိုအင်အားကြီး နတ်မိစ္ဆာကို ကျန်းမင်ရှီက

အနိုင်တိုက်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် ကိုယ့်ကိုယ်ပိုင်
နတ်စွမ်းအားကိုပင် သေချာနားမလည်သေးသော
အူလည်လည် ဖြစ်နေသေးသည့် တလီကျိုးဟူက ထိုနတ်မိစ္ဆာအား
သတ်နိုင်လိမ့်မည် သို့မဟုတ် မသတ်နိုင်လိမ့်မည်မှာ မသေချာပေ။
ဖြစ်နိုင်သည်မှာ သူတို့နှစ်ဦးလုံးသည် ဤအနောက်ပင်လယ်၌ပင်
လုံးဝ ပျောက်ကွယ်သွားနိုင်ပေ၏။ ကျန်းမင်ရှီသည် ထိုကလေးကို သူ
သည်
ထိုနေရာမှ မနှင်ထုတ်နိုင်လျှင် ဤနေရာတွင်ပင် သေအောင်
ရိုက်သတ်လိုက်မည်ဟု စတင်တွေးမိလာ၏။ အကယ်၍ နှင်ထုတ်နိုင်
လျှင်လည်း
သူသည် ကောင်းကင်နန်းတော်တွင် ထိုကလေးကို သေအောင်
ရိုက်သတ်ဦးမည်ဖြစ်၏။
"မင်း သွားရမယ်.."
ဟူအာက စတင်၍ ရန်းကန်လာသော်လည်း မသင့်တော်သော
နတ်စွမ်းအားများကိုတော့ ထုတ်သုံးရန် မတွေးမိပေ။ သူသည်
ကျန်းမင်ရှီနတ်မင်းအား တခြားသူများရှေ့တွင် အရှက်မကွဲစေချင်ပေ။
ထိုခေါင်းမာသော ဆရာတပည့်နှစ်ယောက်က အချင်းချင်း
တိုက်ခိုက်နေကြသည့် မြင်ကွင်းက
အနောက်ပင်လယ်တွင် ဖြစ်ပေါ်လာတော့၏။ အချင်းချင်း
တိုက်ခိုက်ကြသည်ဟု ဆိုရမည်ထက် ဆရာက တပည့်ကို လိုက်ရိုက်
နေသည်ဟု

ဆိုခြင်းက ပိုမှန်ပေလိမ့်မည်။

ကျန်းမင်ရှီသည် ထိုနေရာကို မွှေနှောက် တူးဖော် ရှာဖွေဖို့

ဆုံးဖြတ်ထားသည့် ထိုကောင်လေးကို စိတ်ရှည်သည်းခံနိုင်မှု

ကုန်ဆုံးသွားပြီဖြစ်ကာ လက်ရှိဤနေရာတွင်

ထိုကလေးကို ခေါ်ထုတ်သွားဖို့ ဘာမဆို လုပ်နိုင်သည့်

သားရဲတစ်ကောင်နှယ် ဖြစ်သွားတော့၏။

"ဆရာ.. အတင်းအကျပ် ဖိအားပေးတာက အကျိုးသက်ရောက်မှု

မရှိဘူးလို့ ဆရာပဲ ပြောခဲ့ဖူးတယ်.."

"အဲဒါက အတိတ်တုန်းကငါပဲ အခု ငါ မဟုတ်ဘူး.. အခုငါက မင်းကို

ဒီကနေ ခေါ်ကို ခေါ်သွားမှာ.. မင်းကို အနောက်ပင်လယ်ကို နှောင့်

ယှက်ခွင့် မပြုဘူး.."

ကျန်းမင်ရှီနတ်မင်းက ဒေါသတို့ဖြင့် ပြည့်နှက်နေသော်လည်း

အကျိုးသင့် အကြောင်းသင့် အကြောင်းပြချက်တစ်ခုကိုတော့ ဆွဲထုတ်နိုင်
နေသေး၏။ အနောက်ပင်လယ် ရေဘုရင်က

ဆရာတပည့်နှစ်ယောက်ကို တားဆီးရန် ကြိုးစားနေသည့်ဟန်

ရှိသော်လည်း အမှန်တကယ် တားဆီးနေတာ မဟုတ်မှန်း

ကျန်းမင်ရှီနတ်မင်းက သိနားလည်နေသေးသည်။

"ဆရာ.. ကျွန်တော်.."

"ပြန်မယ်.."

ကျန်းမင်ရှီနတ်မင်းသည် ဟူအာ၏ ပါးစပ်မှ ညောင်အာဖြစ်စေ

တခြားတစ်ခုခု ဖြစ်စေ ထွက်ကျလာခွင့် ပြုမည် မဟုတ်ပေ။ ထို့ကြောင့်

ချက်ချင်းပင် အပိတ်စကားကို ပြောလိုက်ခြင်း ဖြစ်၏။

သူ၏တပည့်ငယ်က ကောင်းကင်ဒေသတွင် ကြီးပြင်းလာခြင်း

မဟုတ်ပေ။ ရိုးရှင်းလှသော ပိုင်ဒေသကဲ့သို့သော ကျေးလက်တစ်နေရာ
မှ

ကြီးပြင်းလာခြင်း ဖြစ်၏။ ထို့ကြောင့် အုပ်ချုပ်မှုဆိုင်ရာ

နတ်မင်းများထံတွင် လှည့်ကွက်မည်မျှများများ ရှိနိုင်သည်ကို

မသိနားမလည်ပေ။

လက်ရှိတွင် ကောင်းကင်၏ သတိပေးချက်တစ်ခုခု ရရှိထားပြီး အကယ်၍

ဟူအာသာ အမှားအယွင်းတစ်ခုခု လုပ်မိလျှင် ထိုအမှားသည် သူ့အား

အဆုံးစွန်အထိ ဆွဲချသွားမည် ဖြစ်သည်။

ထို့အပြင် ဟူအာ ရှာဖွေတူးဖော်လိုသည့်အတွက် ရင်ဆိုင်ရမည့်အရာက

မည်သို့သော သွေးမျိုးဆက်၊ အမျိုးအနွယ်နှင့် စွမ်းအား မည်မျှ

ရှိနိုင်မည်ကို မည်သူ သိနိုင်မည်နည်း။

လက်ရှိတွင် ဟူအာ ဤနေရာတွင် မနေသင့်သည့် အကြောင်းပြချက်က
နှစ်ခု

အတိအကျ ရှိသည်။ ကျန်းမင်ရှီနတ်မင်း၏ အတွေးသည်လည်း
အတိအကျ ရှိ၏။

တလီကျိုးဟူဆိုသော ကောင်စုတ်လေးကို

အသေအချာပင် ကောင်းကင်နန်းတော်သို့ ခေါ်ဆောင်သွားရပေမည်။

"ဆရာ ကျွန်တော့်ကို ဒီလိုမျိုး တင်းကျပ်နေရင် ကျွန်တော် ဆရာ့ကို

မင့်ညှာဘူးလို့ မပြောပါနဲ့.."

"အခု ဘယ်သူက ဘယ်သူ့ကို ခြိမ်းခြောက်နေတာလဲ.. မင်းက ငါ့ကို ခြိမ်းခြောက်ရဲသေးတာလား.."

ကျန်းမင်ရှီနတ်မင်းသည် ခြိမ်းခြောက်သောစကားကို ကြားလိုက်ရသဖြင့် အလွန်အမင်း ဒေါသထွက်သွားခဲ့ရသည်။ ထိုကောင်စုတ်လေးသည် သူ၏ စေတနာကို မသိနားမလည်ဘဲ သူ့ကိုပင် ခြိမ်းခြောက်ရဲသေး၏။

သို့သော် ဟူအာသည် သူ့လက်အတွင်းမှ နောက်ဆုံး ဗုက်ဖဲ ဖြစ်သော သဘာဝလွန်နတ်စွမ်းအားကို ထုတ်သုံးလိုက်ပြီဖြစ်ရာ ကျန်းမင်ရှီနတ်မင်း တုတ်နှောင်ထားသော နဂါးပတ်နွယ်ကြိုးက ဟူအာကို ဆက်လက်၍ မချုပ်နှောင်ထားနိုင်တော့ပေ။

ကျန်းမင်ရှီနတ်မင်း အသုံးပြုနေသော မန္တန်များကလည်း အသုံးမဝင်တော့ပေ။ ကျန်းမင်ရှီနတ်မင်းသည် ဒေါသတကြီး အံကြိတ်လိုက်ပြီးနောက် နတ်စွမ်းအားကို ရုတ်သိမ်းလိုက်ပြီး တိုက်ခိုက်ရေးပုံစံသို့ ပြောင်းလဲလိုက်တော့သည်။ နတ်တစ်ပါးသည် တိုက်ခိုက်ရေးပုံစံ သီးသန့် ရှိသည်ဟု ဆိုနိုင်သည်။

ပုံမှန်အားဖြင့် နတ်များသည် တိုက်ခိုက်ရေးနှင့် နတ်စွမ်းအားကို ပူးပေါင်း၍ တိုက်ခိုက်ကြခြင်း ဖြစ်သော်လည်း သေမျိုးများကဲ့သို့ နတ်စွမ်းအားကို အသုံးမပြုဘဲ တိုက်ခိုက်၍လည်း ရနိုင်သည်။

ကျန်းမင်ရှီနတ်မင်းက လေသိုင်း(ချင်ကုန်း-ကိုယ်ဖော့ပညာ)ကို အသုံးပြုလိုက်ပြီး ဟူအာထံသို့ ရိပ်ခနဲ ပျံတက်သွားကာ သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး သူ့အား နတ်စွမ်းအား

ပိတ်ပင်ထားသော ကောင်စုတ်လေးကို ဖောင်းခနဲ

ရိုက်ချပစ်လိုက်တော့၏။

ထိုသို့သော နတ်စွမ်းအား မပါဝင်ဘဲ လက်ချည်းသက်သက်ဖြင့်

တိုက်ခိုက်ခံရမည်ဟု ဟူအာက မထင်မှတ်ထားလေရာ

တစ်ချက်တည်းဖြင့် မြေပြင်ပေါ်သို့ လဲကျသွားတော့၏။

အမှန်မှာ သဘာဝလွန်နတ်များသည် တခြားသော နတ်များအား

နတ်စွမ်းအား ပိတ်ပင်နိုင်သော်လည်း သူကိုယ်တိုင်ကမူ နတ်စွမ်းအားကို

အသုံးပြုနိုင်နေဆဲ ဖြစ်၏။ ထို့ကြောင့် အကယ်၍ ထိုတိုက်ပွဲတွင်

ကျိုးရင်းသာ ဆိုပါက သူမသည် တခြားသောနတ်များကို နတ်စွမ်းအား

ပိတ်ပင်ပြီးသည်နှင့် ထိုသူတို့အား တိုက်ခိုက်မှုကို

ထုတ်ဖော်ခွင့်ပေးမည် မဟုတ်ပေ။ ထိုအစား ချက်ချင်းပင်

အဝေးလွင့်စေရန် ပြုလုပ်ကောင်း ပြုလုပ်လိမ့်မည် ဖြစ်ပြီး

ထိုသို့ မဟုတ်ပါကလည်း လှုပ်ရှား၍ မရသော မန္တန်တစ်ခုခုဖြင့် ထိုနတ်၏

လှုပ်ရှားမှုကိုပါ တားဆီးလိုက်မည် ဖြစ်သည်။

သို့သော် ဟူအာသည် အတွေ့အကြုံ နုနယ်သေးသော

နတ်တစ်ပါး ဖြစ်သည်။ ထို့အပြင် လက်ချည်းသက်သက်ဖြင့်

တိုက်ခိုက်နိုင်သော စွမ်းရည်မှာ ကျန်းမင်ရှီကဲ့သို့သော

နတ်မင်းတစ်ပါးနှင့် မယှဉ်နိုင်သေးပေ။ ထို့ကြောင့် ရုတ်ခြည်း

အရိုက်ခံလိုက်ရပြီး လဲကျသွားခြင်း ဖြစ်၏။

ကျန်းမင်ရှီနတ်မင်း၏ လှုပ်ရှားမှုကို တားဆီးရန် ကြိုးစားသည့်

အချိန်မှာ နောက်ကျသွားပြီ ဖြစ်သည်။

ကျန်းမင်ရှီနတ်မင်းက လဲကျသွားသော

သူ့တပည့်ကို မေ့မျောသွားအောင် နောက်တစ်ချက်

ရိုက်နှက်လိုက်တော့သည်။

ဟူအာသည် လဲကျသွားပြီးသည်နှင့် သူ့ဆရာကို

ချုပ်နှောင်ရန် တွေးလိုက်မိတာ ဖြစ်သည်။

သို့သော် ကျန်းမင်ရှီနတ်မင်းသည် သူ့ဆရာ ဖြစ်ပြီး သူသည် သူ့ဆရာကို

ချုပ်နှောင်ခြင်းက မသင့်တော်ဟု တွေးမိသွားသည်။ ထို့ကြောင့်

တံ့ဆိုင်းနေစဉ်မှာပင် ကျန်းမင်ရှီနတ်မင်း၏ သတိမေ့စေနိုင်သော

လက်ဝါးရိုက်ချက်ကို ရိုက်ခံလိုက်ရခြင်း ဖြစ်ပေ၏။

"အခုတော့ ပြီးပြီ.."

ကျန်းမင်ရှီနတ်မင်းက သူ့လက်နှစ်ဖက်ကို ဖုန်ခါသလို ခါလိုက်ပြီးနောက်

ခုနက ပြေကျသွားသော နွယ်ပင်ကို ဖြတ်ယူလိုက်ပြီး

သူ့တပည့်ကို ပြန်လည် တုတ်နှောင်လိုက်သည်။

တုတ်နှောင်ပြီးနောက် ကောင်းကင်နန်းတော်သို့ ပြန်ရန် ပြင်ဆင်

လိုက်သော်လည်း ကျန်းမင်ရှီနတ်မင်း၏ နတ်စွမ်းအားက ပိတ်ပင်ခံထား
ရသည် ဖြစ်ရာ ကောင်းကင်သို့

ခုန်လွှား၍ ပြန်မရတော့ပေ။

ထိုအခြေအနေကို နားလည်သွားပြီးနောက် ကျန်းမင်ရှီက

သတိမေ့နေသော ထိုကောင်စုတ်လေးကို ခြေထောက်ဖြင့် တစ်ချက်

ကန်လိုက်တော့၏။

"အနောက်ပင်လယ် ရေဘုရင်ကိုပဲ အကူအညီ တောင်းရတော့မယ်.. စိတ်

မရှိရင်..

ချင်းရန်နတ်မင်းဆီကို အသံပို့လွှတ်မန္တန်တစ်ခုလောက် ပို့ပေးလို့

ရမလား ကျွန်တော်တို့ကို လာခေါ်ဖို့ပါ.."

"ရတာပေါ့.. ရပါတယ်.."

အနောက်ပင်လယ်ရေဘုရင်က ထိုသို့ ပြောလိုက်သော်လည်း

သူတို့ ကောင်းကင် ပြန်သွားမည်ကို မနှစ်သက်ဟု ကျန်းမင်ရှီက ခံစားမိ

လိုက်သည်။ သို့သော် သူက ထုတ်ဖော်ပြောလိုက်မည် မဟုတ်ပေ။ သူ
သည်

နှစ်သန်းနှင့်ချီ ရှင်သန်ခဲ့ပြီးသည့် နတ်မင်းတစ်ပါးဖြစ်၏။

နှစ်တစ်ထောင်သာ ရှိသေးသော နတ်ငယ်လေး မဟုတ်ပေ။

***